**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


**ဖေဖော်ဝါရီလ ၁၃ ရက်၊ ၂၀၂၄ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇန္နဝါရီလ ၂၉ – ဖေဖော်ဝါရီလ ၁၁ ရက်နေ့ထိ၊ ၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၃ – ဇန္နဝါရီလ ၂၈ ရက်၊ ၂၀၂၄ | ဇန္နဝါရီလ ၂၉– ဖေဖော်ဝါရီလ ၁၁ ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၉၆ | ၁၂ | ၅၀၈ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၃ | | ၃၇၃ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၅၂၆ | ၃၇ | ၅၆၃ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၄၁၉ | | ၁၄၁၉ |
| | ဒီးမော့ဆိုမြို့နယ် | ၆၃၃ | ၁၂ | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၈၂ | | ၃၈၂ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | ၄၀ | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဇန္နဝါရီလ ၂၈ ရက်နေ့ အထိ ၂၀၂၄** | **IDPs အသစ် ဇန္နဝါရီလ ၂၉- ဖေဖော်ဝါရီလ ၁၁ ရက်၊ ၂၀၂၄ ခုနှစ်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၈၂၆၁၅** | | **၂၈၂၆၁၅** |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇန္နဝါရီလ၂၉ရက်မှ ဖေဖော်ဝါရီလ၁၁ရက်နေ့ထိ၊၂၀၂၄ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီးမော့ဆို
ရှားတော
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ဘီပီ - ၉
ဘီပီ - ၁၀
ဘီပီ - ၁၁
ဘီပီ - ၁၂
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
#၁
#၂ ထိုင်းနိုင်ငံ
အညွှန်း
မြို့နယ်
တရားလက်လွတ်သတ်ဖြတ်ခြင်း
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
KA + KNDF + KNPLF + LPDF နှင့် စကစ တိုက်ပွဲနေရာများ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွါသွားသောတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

**စစ်ကောင်စီသည် အရပ်သားတွေကို အချိန်မြင့်ပြီးတိုက်ခိုက်ကာ ကလေး၃ဦးအပါအဝင် စစ်ဘေးရှောင် ၇ဦးအား သတ်ဖြတ်ခြင်းနှင့် ကျောင်းများအား ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဒါဇင်နှင့်ချီသော ကလေးများ ထိခိုက်ဒဏ်ရာရရှိ**

လွန်ခဲ့သောနှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် ကရင်နီပြည်နယ်အတွင်းရှိ အရပ်သားများအား ပိုမိုပြင်းထန်သော တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ ရှမ်းပြည်နယ်မှ စစ်ရဟတ်ယာဉ်ဖြင့် စစ်ကူလာသော စစ်ကောင်စီတပ်များသည် ရှားတောမြို့နယ်အတွင်း စစ်ဘေးရှောင်နေသော ကိုယ်ဝန်ဆောင်မိခင်တစ်ဦး အပါအဝင်၊ မသန်စွမ်းအမျိုးသမီးသုံးဦးနှင့် ကလေးငယ်သုံးဦးတို့အား သတ်ဖြတ်ခဲ့သည်။ ထို့အပြင် ဒီးမော့ဆိုမြို့နယ်အတွင်း ကျောင်းများအား လေကြောင်းဖြင့် တိုက်ခိုက်မှုကြောင့် ၅ဦးသေဆုံးပြီး ၃၆ ဦး (ကလေးအများဆုံး) ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

ဇန်နဝါရီလ ၃၀ ရက်၊ ဒီမော့ဆိုမြို့နယ် ဒေါဘူးငံရယ်ကျေးရွာတွင် အသက် ၅၀ အရွယ်ရှိအမျိုးသမီးတစ်ဦး စစ်ကောင်စီတပ်များ ထောင်ထားခဲ့သော မြေမြှုပ်မိုင်းနင်းမိကာ ဘယ်ခြေထောက်တစ်ဖက် ဆုံးရှုံးလိုက်ရပြီး ဘယ်ဖက်လက်တွင်လည်း ဒါဏ်ရာအနည်း ရရှိသွားခဲ့သည်။

ဖေဖော်ဝါရီလ ၄ ရက်၊ မိုင်းပြင်းမြို့နယ်အခြေစိုက် စစ်ကောင်စီတပ် ခလရ ၂၄၉ တပ်ရင်းမှ ရှားတောမြို့နယ်အတွင်း စစ်ရဟတ်ယာဉ် သုံးစင်းဖြင့် စစ်ကူလာပို့ကာ စစ်ကြောင်းထိုးလာပြီး စစ်ဘေးရှောင်နေသော အမျိုးသားတစ်ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး အပါအဝင် မသန်စွမ်းအမျိုးသမီးသုံးဦး ကလေး ၃ ဦးအပါအဝင် ၇ ဦးအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်သွားခဲ့ပြီး နောက်တစ်ရက် နံနက်အချိန်တွင် ပစ်သတ်သွားခဲ့သည်။ ထိုတရက်အတွင်း အရပ်သား ၇ ဦးအားသတ်ဖြတ်ခဲ့သော စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်များနှင့် တိုက်ပွဲဖြစ်ပွားကာ စစ်ကောင်စီတပ်သား ၄၀ ဦးသေဆုံးသွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေသော နေရာသို့ စစ်ကောင်စီတပ်မှ လေကြောင်းဖြင့်လည်း ပစ်ကူတိုက်ခိုက်ခဲ့သည်။ ထို့အပြင် ရှားတောမြို့အား စစ်ကောင်စီမှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် လူနေအိမ် ၄၀ ကျော် ထိမှန် ပျက်စီးသွားခဲ့သည်။


စကစလေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားသော အိမ်များ ရှားတောမြို့


စကစ လေကြောင်းတိုက်ခိုက်ခဲ့သည် ဒီးမော့ဆိုမြို့နယ်မှ စာသင်ကျောင်း

ဖေဖော်ဝါရီလ ၅ ရက်နေ့၊ ဒီးမော့ဆိုမြို့နယ် ဒေါဆီးအီကျေးရွာစာသင်ကျောင်းအား နံနက် ၁၀ နာရီ ၁၅ မိနစ်ဝန်းကျင်းအချိန်တွင် စစ်ကောင်စီမှ လေကြောင်းဖြင့် ပေါင်အလေးချိန် ၅၀၀ ရှိသော ဗုံးတစ်အလုံးအပါအဝင် ဗုံးကြဲတိုက်ခိုက်သည့်အတွက် ကျောင်းသား ၄ ဦးသေဆုံးကာ ၂၉ ဦး ထိခိုက်ဒါဏ်ရာရရှိသွားခဲ့သည်။ ထို့အပြင် လွိုင်နန်းဖကျေးရွာကိုလည်း လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့၍ အမျိုးသားတစ်ဦး သေဆုံးကာ၊ ကျောင်းဆရာ ၂ ဦး အရပ်သား ၅ ဦးထိမှန်ဒါဏ်ရာရရှိသွားခဲ့သည်။ ဗုံးကြဲတိုက်ခိုက်မှုတွင် ကျောင်းဆောင် ၆ လုံး၊ ဘုရားကျောင်း တစ်လုံး၊ လူနေအိမ် ၅ လုံးထိမှန်ပျက်စီးသွားခဲ့သည့်အပြင် ကားတစ်စီးပျက်စီးသွားခဲ့သည်။

ထို ဖေဖော်ဝါရီလ ၅ ရက်နေ့တွင်လည်း လွိုင်ကော်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ၁၂ ဦးအပါအဝင် အကျဉ်းသား ၆၅ ဦးအား စစ်ကောစီမှ ပြန်လွတ်ပေးခဲ့သည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့၊ ကရင်နီပြည်နယ် ဘောလခဲမြို့နှင့် ရွာသစ်မြို့နယ်အကြား ၁၂ မိုင်ကုန်း စစ်ကောင်စီ တပ်စခန်းအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ နံနက် ၆ နာရီအချိန်စတင်တိုက်ခိုက်ပြီး ၈ နာရီအချိန်တွင် သိမ်းပိုက်နိုင်ခဲ့သည်။ တိုက်ပွဲအပြီး စစ်ကောင်စီတပ်မှ ရုပ်အလောင်း ၄ လောင်း၊ လက်နက် ၁၆ လက်နှင့် အခြားသော ခဲယမ်းများကိုလည်း သိမ်းဆည်းရမိသည်။


**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

ebsite : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com